# ပြည်သူ့လွှတ်တော်

# အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်၊ ဇူလိုင်လ ၃၁ ရက်

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်၊ အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့သည်။

ရေးဦးစွာ ကော်မတီဥက္ကဋ္ဌဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် တတိယ အကြိမ် ပြည်သူ့လွှတ်တော်၊ ပထမနှင့် ဒုတိယပုံမှန်အစည်းအဝေးများအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်တွင် တင်သွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ/ မပြ မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများအား ကော်မတီ သို့ တင်ပြပေးပို့ရန်လိုအပ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လွှတ်တော်တွင် ဖြေကြားထားသည့် ကတိ၊ ကဝတ်ဖြစ်ထားသော သက်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက် နေဆဲအခြေအနေနှင့် ဆောင်ရွက်သွားမည့်အခြေအနေများအား ပေါင်းစပ်ညှိနှိုင်း တင်ပြဆွေးနွေး ကြပါရန်နှင့် လွှတ်တော်သို့ ပြန်လည်အစီအရင်ခံစာတင်သွင်းသွားရေး ဆောင်ရွက်ရမည် ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ရာ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့မှ တာဝန်ခံများက ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ခံများက ရှင်းလင်းတင်ပြကြရာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်းပြီး ပြန်လည်သုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)